# ကရင်နီအမျိုးသားများကာကွယ်ရေးတပ်(KNDF) မှ (၇၃) နှစ်မြောက် ကရင်နီတပ်မတော်နေ့သို့ ပေးပို့သော သဝဏ်လွှာ

၂၀၂၁ခုနှစ်၊ ဩဂုတ်လ (၁၇) ရက်။

ကရင်နီပြည်သည် ၁၉၄၈ မတိုင်မီတွင် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့် အပြည့်အဝရှိ၍ သီးခြားလွတ်လပ်သော ပြည်နယ်တစ်ခုအဖြစ်ရပ်တည်ခဲ့ပါသည်။ ၁၉၄၈ ခုနှစ်တွင် ဗမာပြည်လွတ်လပ်ရေးရပြီးသည့်နောက် ဖဆပလတပ်များသည် သီးခြားလွတ်လပ်သော ကရင်နီပြည်ကို ကျူးကျော်ဝင်ရောက်တိုက်ခိုက်ခဲ့ပါသည်။ ကရင်နီအမျိုးသားများသည် သီးခြားလွတ်လပ်သော ကရင်နီပြည်ကို ကျူးကျော်ဝင်ရောက်လာသော ရန်သူတပ်များကို ခုခံတော်လှန်ရန် ဩဂုတ် လ ( ၁၇) ရက်နေ့တွင် ကရင်နီတပ်မတော် (United Karenni States Independent Army) ကို ဖွဲ့စည်းခဲ့ပြီး ကရင်နီအမျိုးသားခုခံတော်လှန်ရေးကို ဆင်နွှဲခဲ့ပါသည်။

ကရင်နီတပ်မတော်သည် ကရင်နီတစ်မျိုးသားလုံး၏ နိုင်ငံရေးရည်မှန်းချက်ဖြစ်သော အမျိုးသားတန်းတူရေး၊ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်နှင့် ကိုယ့်ကြမ္မာကို ဖန်တီးခွင့်ရှိသော ဖက်ဒရယ်ဒီမိုကရေစီပြည်ထောင်စု ပေါ်ပေါက်ရေးအတွက် ဗမာပြည်လွတ်လပ်ရေးရသည့် ၁၉၄၈ ခုစ်မှစ၍ ယနေ့အထိ နှစ်ပေါင်း ၇၀ ကျော်တိုင် တိုက်ပွဲဝင်ခဲ့ပါသည်။ တနည်းအားဖြင့် ကရင်နီတပ်မတော်သည် ကရင်နီအမျိုးသားများ၏ တော်လှန်ရေး မီးရှူးတန်ဆောင်ဖြစ်သည်။

ကရင်နီအမျိုးသားခုခံတော်လှန်ရေးသမိုင်းတစ်လျှောက်တွင် ကရင်နီတပ်မတော်သည် အကြီးမားဆုံးသောအမျိုးသားရေး တာဝန်တစ်ရပ်ဖြစ်သည့် အမိကရင်နီပြည်ကို ကျူးကျော်သူ ရန်သူများလက်မှ ကာကွယ်သည့် တာဝန်ကို ကျေပွန်စွာထမ်းဆောင်ခဲ့သည် သာမက ကရင်နီအမျိုးသားတို့၏ လူမှုဘဝလုံခြုံမှုနှင့် ဖွံ့ဖြိုးတိုးတက်ရေး တို့အတွက် အစဉ်တစိုက်လုပ်ဆောင်ခဲ့ပါသည်။

စစ်တပ်မှ လက်နက်အားကိုးဖြင့် နိုင်ငံတော်ကိုသိမ်းယူပြီးနောက်ပိုင်း ကရင်နီပြည်နယ်အတွင်း မေလ ၂၀ ရက်က စတင်ခဲ့သောစစ်ကောင်စီကို တွန်းလှန်တိုက်ခိုက်သောတိုက်ပွဲများတွင် ကရင်နီတော်မတော်သည် ပြည်သူ့ကာကွယ်ရေးတပ်များနှင့်အတူ ရှေ့တန်းမှပါဝင်တိုက်ခိုက်ခဲ့ပါသည်။ ကရင်နီတပ်မတော်သည် လူငယ်မောင်မယ်များကိုလည်း စစ်အာဏာရှင်စနစ်ကိုတွန်းလှန်ရေးအတွက် အခြေခံစစ်ပညာများကို သင်ကြားပေးခဲ့သည့်အပြင် ကရင်နီပြည်အတွင်းရှိဒေသအသီးသီးမှ ပြည်သူ့ကာကွယ်ရေးတပ်များနှင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ၏ ညီညွတ်မှုနှင့် ပူးပေါင်းဆောင်ရွက်မှုများကိုအခြေခံပြီး အာဏာသိမ်းစစ်ကောင်စီကို ဦးဆောင်တော်လှန်တိုက်ခိုက်လျက်ရှိပါသည်။

ထို့ကြောင့် KNDF အနေဖြင့် အာဏာရှင်စနစ်ဖြုတ်ချရေးနှင့် အမျိုးသားတန်းတူရေး ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်နှင့်၊ ဖက်ဒရယ်ဒီမိုကရေစီပြည်ထောင်စုပေါ်ပေါက်ရေးတို့အတွက် ကရင်နီတပ်မတော်၏ ဦးဆောင်လမ်းညွှန်မှုဖြင့် ဆက်လက်တိုက်ပွဲဝင်သွားမည်ဖြစ်ကြောင်း ယနေ့ ဩဂုတ်လ (၁၇) ရက်နေ့တွင် ကျရောက်သော (၇၃) နှစ်မြောက် ကရင်နီတပ်မတော်နေ့ကိုဂုဏ်ပြုရင်း ဤသဝဏ်လွှာကို ပေးပို့အပ်ပါသည်။

ကရင်နီအမျိုးသားများကာကွယ်ရေးတပ် KNDF